**ချက်ချင်းထုတ်ပြန်ရန်**

# ကချင်ပြည်နယ်၌ ဖြစ်ပွားသော တိုက်ခိုက်မှုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ မြန်မာစစ်အုပ်စုအပေါ် အရေးပေါ် အရေးယူမှုများ ဆောင်ရွက်ရန် တွန်းအားဖြစ်ရမည်

*ကုလသမဂ္ဂမှ အာဆီယံထံ တာဝန်လွှဲနေခြင်းကို ရပ်တန့်ပြီး ချက်ချင်းအရေးယူရမည်။*

**[၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့]** ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် သေချာရေရာမှု ကင်းမဲ့သော အာဆီယံ၏ ဘုံသဘောတူညီချက်ငါးရပ်ကို ဆက်လက်လက်သင့်ခံနေခြင်းအားဖြင့် မြန်မာစစ်အုပ်စု၏ အကြမ်းဖက်စစ်ပွဲကို အဆုံးသတ်ရမည့် ၎င်း၏တာဝန်မှ ခေါင်းရှောင်နေခြင်းကို ရပ်သင့်ပြီဟု ရှေ့ပြေးအသံအဖွဲ့၊ ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ) နှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တို့က ယနေ့တွင် ပြောကြားလိုက်သည်။

သန်းပေါင်းများစွာသော အရပ်သားပြည်သူအပေါ် မြန်မာစစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများ မြင့်တက်လာနေသော်လည်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများမှ ကျရှုံးနေသည့် ဘုံသဘောတူညီချက်ငါးရပ်ကို ဆက်လက်ထားရှိရန် ဆုံးဖြတ်ခဲ့ခြင်းသည် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်၍ ခိုင်မာသည့်အရေးယူမှုများ လုပ်ဆောင်ရတော့မည် ဆိုသည့်အချက်ကို ပြနေသည့် နောက်ထပ်လက္ခဏာတစ်ရပ်ဖြစ်သည်ဟု ယင်းအဖွဲ့များက ဆိုသည်။

အောက်တိုဘာလ ၂၃ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း တစ်ဖွဲ့ဖြစ်သည့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) တည်ထောင်ခြင်းနှစ်ပတ်လည်အဖြစ် ကချင်ပြည်နယ်၊ ဖားကန့်၌ ကျင်းပသည့် လူတစ်ထောင်ဝန်းကျင်ခန့် တက်ရောက်သော ဂီတဖျော်ဖြေပွဲ အခမ်းအနားကို မြန်မာစစ်အုပ်စုက ပစ်မှတ်ထားတိုက်ခိုက်ခဲ့သောကြောင့် လူပေါင်း ၁၀၀ နီးပါး သေဆုံးခဲ့ရပြီး နောက်ထပ်သော ၁၀၀ ကျော်ကို ထိခိုက်ဒဏ်ရာရရှိစေခဲ့သည်။ ဒဏ်ရာရရှိသူများကိုလည်း စစ်အုပ်စုက အနီးအနားရှိ ဆေးရုံ၌ ဆေးကုသခွင့် မပြုခဲ့ပေ။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများသည် ဘုံသဘောတူညီချက်ငါးရပ် အကောင်အထည်ဖော်ဆောင်မှု အခြေအနေ အကဲဖြတ်သုံးသပ်သည့် အထူးအစည်းအဝေးကို ကြာသပတေးနေ့တွင် အပြီးသတ်ဆွေးနွေးခဲ့သည်။ မြန်မာစစ်အုပ်စုက ဘုံသဘောတူညီချက်ငါးရပ်ကို လုံးဝမထီမဲ့မြင်လုပ်နေသည့်တိုင် အာဆီယံသည်

၎င်း၏ အရေးပါမှုကို အခိုင်အမာပြောဆိုကာ ကျရှုံးနေသည့် ဘုံသဘောတူညီချက်ငါးရပ်ကို ဆက်လက်ကိုင်စွဲရန် ရွေးချယ်ခဲ့သည်။

ကချင်ပြည်နယ်ရှိ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို တုံ့ပြန်ရာတွင် **ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)မှ မွန်းနေလီက** "ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ လူပေါင်း ၁၀၀ နီးပါး သေဆုံးစေခဲ့တဲ့ ကချင်ပြည်နယ်၊ ဖားကန့်က မြန်မာစစ်တပ်ရဲ့ လေကြောင်းတိုက်ခိုက်မှုတွေအပေါ် အစွမ်းကုန် အရေးပေါ်တုံ့ပြန်မှုအဖြစ် ဆောင်ရွက်ရပါမယ်" ဟု ပြောကြားသည်။

"ကုလသမဂ္ဂလုံခြုံရေးကောင်စီကသာ ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့မယ်ဆိုရင် ကျွန်မတို့ ဒီအခြေအနေကို ရောက်ချင်မှ ရောက်မှာပါ။ အခုဒီအခြေအနေမှာတော့ မြန်မာစစ်အုပ်စုက ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို ကျူးလွန်ပြီး အရပ်သားတွေကို မြင်မြင်ရာ ဘယ်သူ့မှမရှောင် ဆက်လက်ပစ်မှတ်ထားတိုက်ခိုက်နေတဲ့အတွက် ကျွန်မတို့ဟာ ကိုယ့်မိတ်ဆွေ၊ မိသားစု၊ လုပ်ဖော်ကိုင်ဖက်တွေကို တမ်းတပူဆွေးနေရပြီး မြန်မာပြည်သူတွေရဲ့ ဘဝဟာ ဒီထက်မက ပိုကြီးတဲ့ အန္တရာယ်ထဲ ကျရောက်နိုင်ခြေ ရှိနေပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

"လုံခြုံရေးကောင်စီအနေနဲ့ မြန်မာစစ်အုပ်စုအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်ခဲယမ်း တင်ပို့ရောင်းချမှုပိတ်ဆို့ဖို့နဲ့ စစ်အုပ်စုနဲ့ သူ့နဲ့ဆက်စပ်သူတွေအပေါ် ပစ်မှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုတွေ လုပ်ဆောင်နိုင်မယ့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ဖို့အတွက် သူ့ရဲ့လုပ်ပိုင်ခွင့်အာဏာကို ချက်ချင်းအသုံးချရပါမယ်။ လူပေါင်းများစွာ သတ်နေတဲ့အဖွဲ့ကို အဆုံးသတ်ပြီး ရိုဟင်ဂျာတွေအပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှုနဲ့ လူနည်းစုတိုင်းရင်းသားတွေအပေါ် စစ်ရာဇဝတ်မှုနဲ့ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေ ကျူးလွန်မှုတွေအတွက် ကျူးလွန်သူတွေကို တာဝန်ခံခိုင်းစေဖို့အတွက် လုံခြုံရေးကောင်စီအနေနဲ့ မြန်မာနိုင်ငံအခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံးဆီကို လွှဲပြောင်းဖို့ အရေးကြီးပါတယ်" ဟု ၎င်းက ဆက်လက်၍ ပြောဆိုသည်။

လုံခြုံရေးကောင်စီတွင် မြန်မာစစ်အုပ်စုကို လက်နက်ခဲယမ်းများ ဆက်လက်ထောက်ပံ့ပေးနေသည့် ရုရှားနှင့် တရုတ်နိုင်ငံတို့က ဗီတိုအာဏာ မလွှဲမသွေသုံးပြီး ပယ်ချမည်ဖြစ်သဖြင့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဆွေးနွေး၍ မဲခွဲဆုံးဖြတ်ရန် အဆိုပါအဖွဲ့များက တောင်းဆိုထားသည်။

**ရှေ့ပြေးအသံအဖွဲ့မှ ဒေါ်ခင်ဥမ္မာက** "လုံခြုံရေးကောင်စီနဲ့ အာဆီယံတို့အနေနဲ့ သူတို့ရဲ့ အရေးယူမှုပျက်ကွက်ခဲ့ခြင်းက စစ်အုပ်စုကို ပိုမိုအတင့်ရဲစေတဲ့အပြင် ဒါဟာ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေကို ဘာနောက်ဆက်တွဲ တန်ပြန်အရေးယူခံရခြင်း မရှိဘဲ ကျူးလွန်လို့ရတယ်ဆိုတာကို အချက်ပြပေးနေခြင်းဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒီအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုက အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေရဲ့ အထူးအစည်းအဝေးနဲ့ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရဲ့ အထွေထွေညီလာခံမှာ

အစီရင်ခံတင်ပြမှု မလုပ်ခင် ရက်အနည်းငယ်အလိုမှာပဲ ကျူးလွန်လိုက်တာ ဖြစ်တဲ့အတွက် ဒါဟာ အခွံသာ ရှိတဲ့ ရှုတ်ချမှုတွေကို မမှုဘူးဆိုတဲ့ စစ်အုပ်စုရဲ့ ထင်ရှားတဲ့သက်သေပဲ ဖြစ်ပါတယ်။ ဘုံသဘောတူညီချက် ငါးရပ်ကို ဆက်လက်ထားရှိဖို့ အာဆီယံနိုင်ငံခြားရေး ဝန်ကြီးတွေရဲ့ ဆုံးဖြတ်ချက်ဟာ ဒီအချက်ကို ပိုပြီး အားဖြည့်ပေးနေတာပဲ ဖြစ်ပါတယ်" ဟု ဆိုသည်။

"အာဆီယံရဲ့ ပြတ်ပြတ်သားသား ဆောင်ရွက်ဖို့ ပျက်ကွက်ခဲ့ခြင်းက တရားမဝင် မြန်မာစစ်အုပ်စု အလိုကျ လုပ်ပေးနေတာဖြစ်ပြီး လုံခြုံရေးကောင်စီကနေ စစ်အုပ်စုအပေါ် ထိရောက်တဲ့ အရေးယူမှုတွေ မလုပ်နိုင် အောင်လည်း ကာကွယ်ပေးနေတာ ဖြစ်ပါတယ်။ ဒီလုပ်ရပ်ကြောင့် အာဆီယံဟာ ဖားကန့် အစုလိုက် အပြုံလိုက်သတ်ဖြတ်မှု အပါအဝင် စစ်အုပ်စုရဲ့ရက်စက်ကြမ်းကြုတ်တဲ့ရာဇဝတ်မှုတွေမှာ ကြံရာပါ ဖြစ်လာ နေပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

"ကုလသမဂ္ဂက မြန်မာနိုင်ငံရဲ့ အကျပ်အတည်းကို ဖြေရှင်းမယ့်အစား ကချင်ပြည်နယ်မှာ အစုလိုက် အပြုံ လိုက်သတ်ဖြတ်မှုကို ကျူးလွန်ခဲ့သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်။ ကမ္ဘာ့အမြင့်ဆုံးတရားရုံးတွေမှာ ကြီးလေးတဲ့ နိုင်ငံတကာပြစ်မှု ကျူးလွန်မှုအတွက် တရားစွဲဆိုထားပေမဲ့လည်း ကုလသမဂ္ဂအနေနဲ့ အဲဒီ အကြမ်းဖက် ရာဇဝတ်မှုအပေါ် ရှုတ်ချတဲ့ သူတို့ရဲ့ထုတ်ပြန်ချက်ထဲမှာတောင် ကျူးလွန်သူတွေကို နာမည် တပ်ပြီး မဖော်ပြနိုင်ရှာဘူး။" ဟု ဆက်ဆိုသည်။

"ပြည်သူလူထုရဲ့ဆန္ဒတွေကို လျစ်လျူရှုပြီး လက်ရှိအကျပ်အတည်းကို ဖန်တီးခဲ့တဲ့ စစ်ရာဇဝတ်ကောင်တွေနဲ့ လက်ဆွဲနှုတ်ဆက်ခြင်းဖြင့် မြန်မာနိုင်ငံရဲ့ အကျပ်အတည်းကို ဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး" ဟု ၎င်းက ဆက် ပြောသည်။

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ နော်ဆဲဆဲက** "စစ်အုပ်စုဟာ ဒီလိုလေကြောင်းနဲ့ တိုက်ခိုက်ဖို့အထိ အတင့်ရဲလာအောင် လွှတ်ထားခံရတာဖြစ်လို့ ထိပ်သီးဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေနဲ့ တခြား ပလက် ဖောင်းတွေမှာ ပါဝင်ဖို့ ဖိတ်ကြားတာကနေတစ်ဆင့် စစ်အုပ်စုကို ဆက်ပြီးတရားဝင်မှုတွေ ပေးနေကြဦးမယ် ဆိုရင် နောက်ထပ်သေဆုံးရမှုတွေ၊ နေရပ်စွန့်ခွာထွက်ပြေးရမှုတွေပဲ မြေပြင်မှာ ပိုပြီးဖြစ်ပေါ်လာဖို့ပဲ ရှိပါ တယ်" ဟု ဆိုသည်။

"ကုလသမဂ္ဂက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအတွက် တာဝန်ရှိတဲ့ စစ်အုပ်စုနဲ့ နားလည်မှုစာချွန်လွှာတွေ၊ သဘောတူညီချက်တွေ ရေးနေလုပ်နေတဲ့အချိန်မှာ မြေပြင်မှာ ပြည်သူတွေ ကြုံ တွေ့နေရတဲ့ ဧရာမစိန်ခေါ်မှုတွေကို ချက်ချင်းကျော်လွှားနိုင်ဖို့နဲ့ မြန်မာနိုင်ငံနယ်စပ်ဒေသတစ်လျှောက် အပါ အဝင် အန္တရာယ်ကျရောက်နိုင်ခြေအများဆုံးနဲ့ အကူအညီအလိုအပ်ဆုံးသူတွေကို အကူအညီတွေ ချက်ချင်း ပံ့ပိုးနိုင်ဖို့အတွက် တုံ့ပြန်ဆောင်ရွက်နေသူတွေဟာ ဒေသခံအောက်ခြေလူထုကွန်ရက်တွေပဲ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ ဒေသခံ လူသားချင်းစာနာထောက်ထားမှုအရေး တုံ့ပြန်ဆောင်ရွက်နေသူတွေဟာ ပဋိပက္ခအခြေအနေကို တုံ့ပြန်ရာမှာ ရင်းမြစ်ကြွယ်ဝတဲ့အပြင် ဗဟုသုတပေါများပြီး ကျွမ်းကျင်သူတွေ ဖြစ်ကြသလို ဒေသခံလူထုအသိုင်းအဝိုင်းရဲ့ ယုံကြည်မှုကိုလည်း ရရှိထားကြသူတွေ ဖြစ်ပါတယ်။ သူတို့အမှန်တကယ်လိုအပ်နေတာက သူတို့ရဲ့ တန်ဖိုးဖြတ်လို့မရတဲ့ လူ့အသက်ကယ်တဲ့ အလုပ်တွေကို ဆက်လက်လုပ်ဆောင်ဖို့အတွက် ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းဆီက လက်တွေ့ကျတဲ့ ကူညီထောက်ပံ့မှုနဲ့ ပြုလွယ်ပြောင်းလွယ်တဲ့ ရန်ပုံငွေပဲ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်ဆိုသည်။

"မြန်မာနိုင်ငံအတွက် အဖြေဟာ မြန်မာပြည်သူတွေဆီမှာပဲ ရှိပါတယ်။ စစ်အုပ်စုဆီမှာ မရှိပါဘူး။ တကယ်လို့ နိုင်ငံတကာအသိုင်းအဝိုင်း၊ ကုလသမဂ္ဂနဲ့ အာဆီယံတို့အနေနဲ့ မြန်မာနိုင်ငံရဲ့အရေးကို အလေးအနက်ထားဖြေရှင်းချင်တယ်၊ ပြီးတော့ ဒေသတွင်းရဲ့ တည်ငြိမ်မှုနဲ့ ငြိမ်းချမ်းရေးကို လိုလားတယ်ဆိုရင် သူတို့ဟာ မြန်မာပြည်သူတွေနဲ့ တစ်သားတည်း ရပ်တည်ရမှာဖြစ်ပြီးတော့ စစ်အုပ်စုရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေကို အဆုံးသတ်ဖို့အတွက် စစ်အုပ်စုကို တာဝန်ယူ တာဝန်ခံခိုင်းရမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

## <u>ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်</u>

- မွန်းနေလီ၊ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)၊ *kwat.secretariat@gmail.com*
- ဒေါ်ခင်ဥမ္မာ၊ ရှေ့ပြေးအသံအဖွဲ့၊ *info@progressive-voice.org*
- နော်ဆဲဆဲ၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ *WLB-secretariat@protonmail.com*

## နောက်ထပ်အချက်အလက်

*ရှေ့ပြေးအသံအဖွဲ့၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်ရေး စင်တာ (AHA စင်တာ)၏ အမှုဆောင်ညွှန်ကြားရေးမှူးချုပ်ဟောင်း Adelina Kamal အပြင် ပါမောက္ခ ဟူဂိုဆလင်းတို့သည် အောက်တိုဘာလ ၁၇ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း နယူးယောခ်ရှိ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးတို့နှင့် တွေ့ဆုံရာတွင် မြန်မာနိုင်ငံရှိ ဒေသခံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်သူများကို ပံ့ပိုးရန် တိုက်တွန်းခဲ့သည်။ ခရီးစဉ်အတွင်း ရှေ့ပြေးအသံအဖွဲ့နှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တို့ကလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများကို မြန်မာနိုင်ငံအရေး ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရန် တိုက်တွန်းခဲ့သည်။ ယင်းအဖွဲ့များသည် ဝါရှင်တန်ဒီစီသို့လည်း သွားရောက်၍ လွှတ်တော်အမတ်များနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမေရိကန်အေဂျင်စီတို့နှင့် တွေ့ဆုံခဲ့သည်။*